**Digital Money Myanmar Ltd.**
No.84, 7th floor, Uniteam Marine Building
Pan Hlaing Street, Sanchaung Township
Yangon, Myanmar

**သတင်းထုတ်ပြန်ချက်**

***ခက်ခဲသည့် ကာလအတွင်း အကျိုးပြုဆောင်ရွက်ချက်၊ ဆန်းသစ်တီထွင်မှုနဲ့ အားလုံးပါဝင်နိုင်မှု လုပ်ဆောင်ချက်များ***

# ကိုဗစ်-၁၉ ကပ်ရောဂါကိုရင်ဆိုင်နေရချိန်တွင် မြန်မာနိုင်ငံ၌ မိုဘိုင်းငွေကြေးဝန်ဆောင်မှုများကို လက်ခံအသုံးပြုလာသည်နှင့်အမျှ Wave Money သည် ၂၀၂၀ ပြည့်နှစ်အတွင်း တိုးတက်မှု စံချိန်တင်ခဲ့

**၂၀၂၀ ပြည့်နှစ်အတွက် အဓိကထား ဖော်ပြချက်များ**

- ငွေလွှဲပမာဏ မြန်မာကျပ်ငွေ ၁၂ ထရီလီယံ (အမေရိကန် ဒေါ်လာ ၈.၇ ဘီလီယံ) ထိ ရောက်ရှိခဲ့
- ကိုယ်စားလှယ်ဝန်ဆောင်ခအဖြစ် မြန်မာကျပ်ငွေ ၈၈ ဘီလီယံ (အမေရိကန်ဒေါ်လာ ၆၅ မီလီယံ) အထိ ပေးအပ်ခဲ့
- Wave Money ကို လစဉ်အသုံးပြုသူဦးရေ ၅.၄ သန်းကျော် ရှိခဲ့
    - WavePay မိုဘိုင်းပိုက်ဆံအိတ် လစဉ်အသုံးပြုသူဦးရေ ၁.၅ သန်းကျော်
    - Wave Money ငွေလွှဲ၊ငွေထုတ် ဝန်ဆောင်မှုအား လစဉ်အသုံးပြုသူဦးရေ ၃.၉ သန်းကျော်
- အစိုးရ၊ NGO အဖွဲ့အစည်းများ ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မြန်မာကျပ်ငွေ ၃၂ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၄ မီလီယံ) အား အကျိုးခံစားခွင့်ရှိသူဦးရေ ၃၀၀,၀၀၀ ကျော်ထံသို့ လွှဲပေးနိုင်ခဲ့

**ရန်ကုန် - မြန်မာ၊ ဇန်နဝါရီလ (၅) ရက်၊ ၂၀၂၁ ခုနှစ်** ။ ။ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကို ရင်ဆိုင်နေရချိန်တွင် နိုင်ငံအတွင်း ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှုများကို လျင်မြန်စွာ လက်ခံအသုံးပြုလာကြသည်နှင့်အမျှ နိုင်ငံ၏ ဦးဆောင် မိုဘိုင်းငွေကြေးဝန်ဆောင်မှုကုမ္ပဏီ Wave Money သည် ၂၀၂၀ ပြည့်နှစ်အတွင်း မြန်မာကျပ်ငွေ ၁၂ ထရီလီယံ (အမေရိကန် ဒေါ်လာ ၈.၇ ဘီလီယံ) အထိ လွှဲပေးနိုင်ခဲ့သည်။

ငွေလွှဲပမာဏ ကိန်းဂဏန်းများသည် ယမန်နှစ်၏ ကိန်းဂဏန်းများဖြစ်သည့် မြန်မာကျပ်ငွေ ၆.၄ ထရီလီယံ (အမေရိကန် ဒေါ်လာ ၄.၃ ဘီလီယံ) ထက် နှစ်ဆ မြင့်တက်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံ၏ ၂၀၂၀ ခုနှစ် ပြည်တွင်းအသားတင်ထုတ်ကုန်တန်ဖိုးစုစုပေါင်း (GDP) အမေရိကန်ဒေါ်လာ ၇၅.၅ ဘီလီယံ၏ ၁၁.၅% ဖြစ်သည်။ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ Wave Money သည် ၎င်း၏ ဒစ်ဂျစ်တယ်အက်ပလီကေးရှင်း WavePay အား လစဉ်အသုံးပြုသူဦးရေ ၁.၅ မီလီယံကျော် အထိရောက်ရှိခဲ့ပြီး ၎င်း၏ အေးဂျင့်ကွန်ရက်မှတစ်ဆင့် ငွေလွှဲ၊ငွေထုတ်ဝန်ဆောင်မှုများကို လစဉ်အသုံးပြုသူဦးရေ ၃.၉ မီလီယံကျော် အထိရောက်ရှိခဲ့သည်။

Digital Money Myanmar Ltd.
No.84, 7th floor, Uniteam Marine Building
Pan Hlaing Street, Sanchaung Township
Yangon, Myanmar

“အခုလိုကပ်ရောဂါရဲ့ အခက်အခဲတွေကို တွေ့ကြုံ နေရချိန်မှာ Wave Money ရဲ့ “ပိုမိုသာတူညီမျှသော လူမှုဘဝကိုဖော်ဆောင်ရန်” ဟူသော ကတိကဝတ်ဟာ အရင်ကထက်ပိုပြီး ခိုင်မာလာကြောင်းကို သက်သေပြနေတာပဲ ဖြစ်ပါတယ်။ စိန်ခေါ်မှုအမျိုးမျိုးတွေ ကြားထဲက အကျိုးပြုဆောင်ရွက်မှုတွေ၊ ဆန်းသစ်တီထွင်မှုတွေနဲ့ အားလုံးပါဝင်နိုင်ရေးကို ဆက်လက် ရှေးရှုလုပ်ဆောင်လျက် သန်းပေါင်းများစွာသော သုံးစွဲသူတွေ၊ စီးပွားရေးလုပ်ငန်းတွေ၊ အစိုးရနဲ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းတွေအတွက် မရှိမဖြစ်လိုအပ်နေတဲ့ ဝန်ဆောင်မှုတစ်ခုကို ပေးအပ်နိုင်ခဲ့ပါတယ်” ဟု Wave Money ၏ အလုပ်အမှုဆောင်အရာရှိချုပ် ဖြစ်သူ Brad Jones မှ ပြောကြားခဲ့သည်။

၂၀၂၀ ခုနှစ်ဆိုင်ရာ ကိန်းဂဏန်းများအရ ကိုဗစ်-၁၉ ပထမလှိုင်းဖြစ်ပွားခဲ့သော ၂၀၂၀ ခုနှစ်၊ ဧပြီလ မှ ဇွန်လအတွင်း လှူဒါန်းမှုများနှင့် ထောက်ပံ့ငွေများ လွှဲပြောင်းပေးအပ်နိုင်ခဲ့သည့်ပမာဏမှာ မြန်မာကျပ်ငွေ ၃၂ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၄ မီလီယံ) အထိ ရှိခဲ့သည်။ ယနေ့အထိ ရရှိသော အချက်အလက်များအရ Wave Money မှ လူဦးရေ သုံးသိန်းကျော်အထိ အကျိုးခံစားခွင့် ရရှိနိုင်အောင် ပံ့ပိုးပေးလျက်ရှိပါသည်။

**စီးပွားရေးဆိုင်ရာ အားဖြည့် ဆောင်ရွက်မှုများ**

Wave Money ၏ ကိုယ်စားလှယ်ကွန်ရက်တွင် အမျိုးသမီး အများဆုံး ပါဝင်လျက်ရှိသည်နှင့်အတူ အထူးသဖြင့် ကျေးလက်ဒေသများတွင် ရေရှည်ဖွံ့ဖြိုးတိုးတက်သော လူနေမှုဘဝကို ရရှိစေရန် Wave Money မှ ဖန်တီးလုပ်ဆောင်ပေးလျက်ရှိသည်။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ မှ ဒီဇင်ဘာလအထိ ကိုယ်စားလှယ်ဝန်ဆောင်ခအဖြစ် မြန်မာကျပ်ငွေ ၈၈ ဘီလီယံ (အမေရိကန်ဒေါ်လာ ၆၅ မီလီယံ) အား ပေးအပ်နိုင်ခဲ့ပြီး ယမန်နှစ်ထက် ၆၀%ကျော် တိုးမြင့်ခဲ့သည်။

“ကိုဗစ်-၁၉ ဆိုင်ရာ ပံ့ပိုးကူညီမှုတွေအပြင် ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံရဲ့ စီးပွားရေးလည်ပတ်မှုအတွက်လည်း အထောက်အပံ့ ပေးနိုင်ခဲ့ပါတယ်။ ပြည်သူလူထုအနေနဲ့ ငွေကြေးလွှဲပြောင်းမှုတွေ၊ အသုံးအဆောင်ပစ္စည်းတွေအတွက် ငွေပေးချေမှုတွေ၊ အစားအစာနဲ့ ပစ္စည်းဝယ်ယူမှုတွေကို ဒီဂျစ်တယ်အကူအညီနဲ့ ဘေးအန္တရာယ်လုံခြုံမှုရှိစွာ ဆောင်ရွက်နိုင်ဖို့ လိုအပ်လာပါတယ်။ ဒီလိုလိုအပ်လာမှုက စီးပွားရေး လုပ်ငန်းတွေ အထူးသဖြင့် အသေးစား နဲ့ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းတွေ ဆက်လက်ရပ်တည်နိုင်စေဖို့ အထောက်အပံ့ကောင်းတစ်ခုဖြစ်ပြီး ကျွန်တော်တိုအားလုံး အကောင်းဆုံး လုပ်ဆောင်လျက် နေ့စဉ်ဘဝကို ဆက်လက်ရပ်တည်နိုင်စေမှာ ဖြစ်ပါတယ်။” ဟု Brad Jones မှ ဖြည့်စွက်ပြောကြားခဲ့သည်။

Wave Money သည် လွယ်ကူပြီး ယုံကြည်စိတ်ချရသော မိုဘိုင်း ငွေကြေးဝန်ဆောင်မှု တစ်ခုဖြစ်ပြီး မိုဘိုင်းဖုန်းမှတစ်ဆင့် ကျယ်ပြန့်သော ကိုယ်စားလှယ်ကွန်ရက်မှတစ်ဆင့် ချိတ်ဆက်ကာ ဝန်ဆောင်မှုများရယူနိုင်သည်။ မြန်မာနိုင်ငံတွင် အကြီးမားဆုံးသော မိုဘိုင်းငွေကြေးဝန်ဆောင်မှု ကွန်ရက်တစ်ခုအဖြစ် ရပ်တည်လျက်ရှိပြီး အေးဂျင့်ပေါင်း ၆၈၀၀၀ ကျော်နှင့် နိုင်ငံ၏ ၉၁% ခန့်ကို လွှမ်းခြုံလျက်ရှိသည်။

Wave Money ၏ ဆန်းသစ်တီထွင်သော ဝန်ဆောင်မှုများနှင့် လူထုအကျိုးပြု ဆောင်ရွက်ချက်များကြောင့် ၂၀၂၀ ပြည့်နှစ်အတွက် Digital Banker မှ ပေးအပ်သော “Best Digital Wallet of the Year” နှင့် “Best Mobile Payments

**Digital Money Myanmar Ltd.**
No.84, 7th floor, Uniteam Marine Building
Pan Hlaing Street, Sanchaung Township
Yangon, Myanmar

Services” ကို လက်ခံရရှိခဲ့သည်။ အဆိုပါ ဆုတံဆိပ်များကို ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလတွင် စင်ကာပူ၌ ပြုလုပ်ခဲ့သော 2020 Global Retail Banking Innovation Awards ချီးမြှင့်ခြင်း အခမ်းအနားတွင် ရရှိခဲ့ခြင်း ဖြစ်သည်။

**မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှု**

နိုင်ငံတော် အစိုးရမှ ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ် ထုတ်ပြန်လိုက်သည့်အချိန်တွင် မိုဘိုင်းငွေကြေးဝန်ဆောင်မှုများသည် မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများ ဖြစ်လာပြီး Wave Money သည် အစိုးရ ဝန်ဆောင်မှုများအား ပို့ဆောင်ပေးရာ ဒီဂျစ်တယ်ငွေကြေးပလက်ဖောင်းတစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။ ၂၀၂၀ ခုနှစ်၊ ဧပြီလ အစောပိုင်းမှ စတင်ကာ Wave Money သည် အမှန်တကယ် အကူအညီလိုအပ်လျက်ရှိသော ကဏ္ဍများသို့ ကိုဗစ်-၁၉ ဆိုင်ရာ ထောက်ပံ့ငွေလွှဲပြောင်းမှုများအတွက် အဖွဲ့အစည်းများအား ဝန်ဆောင်ခ ကောက်ခံခြင်းမရှိဘဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စတင်ကြေညာခဲ့သည်။

“လူတိုင်းလက်လှမ်းမီနိုင်တဲ့ ဘဏ္ဍာရေးဝန်ဆောင်မှုကို အရှိန်ဟုန်မြှင့်တင်ဖို့ဆိုတဲ့ ပြတ်သားတဲ့ ရည်ရွယ်ချက်နဲ့အတူ ကျွန်တော်တို့မှာ အင်မတန် စွမ်းဆောင်ရည်မြင့်တဲ့ အဖွဲ့တစ်ဖွဲ့လည်း ရှိနေပါတယ်။ ကျွန်တော်တို့ရဲ့ နည်းပညာတွေဟာ ထူးခြားကောင်းမွန်ပြီး လုံခြုံစိတ်ချရတဲ့အပြင် ကောင်းမွန်တဲ့ အရာတွေ ပြုလုပ်နိုင်ဖို့အတွက် အမြဲအသင့်ရှိနေပါတယ်။” ဟု Brad Jones မှ ထပ်မံပြောကြားခဲ့သည်။

Wave Money သည် လက်ရှိအချိန်တွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လက်အောက်ရှိ လူမှုဖူလုံရေး အကျိုးခံစားခွင့် အစီအစဉ်၊ မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုဘဏ်မှ လယ်သမားများ အတွက် စိုက်ပျိုးချေးငွေ ထုတ်ချေးပေးသည့် အစီအစဉ်၊ လူမှုဖူလုံရေး ဦးစီးဌာန၏ မိခင်နှင့်ကလေးဆိုင်ရာ ငွေကြေးထောက်ပံ့မှုအစီအစဉ် နှင့် အထည်ချုပ်အလုပ်သမားများအတွက် ဥရောပသမဂ္ဂ၏ လူသားချင်း စာနာထောက်ထားမှု တိုးတက်ရေးဆိုင်ရာ Peace Nexus Response Mechanism (NRM) နှင့် ကုလသမဂ္ဂ စီမံကိန်းများဆိုင်ရာရုံးမှ ဦးစီးသော မြန်ကူအရေးပေါ်ထောက်ပံ့ငွေစီမံကိန်း အပါအဝင် စီမံကိန်းပေါင်း ၃၇ ခုတွင် ပါဝင် ပံ့ပိုးဆောက်ရွက်လျက်ရှိသည်။

ထို့အပြင် Wave Money သည် မြောက်များစွာသော ကော်ပရိတ်များ၊ လူတစ်ဦးတစ်ယောက်ခြင်းစီ နှင့် လူမှုအကျိုးပြုအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ “Wave နှင့်အတူ လက်တွဲကူ” အစီအစဉ်မှတစ်ဆင့် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ သို့ လှူဒါန်းမှုများကို လွှဲပြောင်းပေးအပ်လျက်ရှိသည်။

**Wave Money အကြောင်း**

Wave Money သည် မြန်မာနိုင်ငံအနှံ့တွင် အေးဂျင့်ဆိုင်ပေါင်း ၆၈,၀၀၀ ကျော်နှင့် လည်ပတ်လုပ်ကိုင်နေသော မြန်မာနိုင်ငံ၏ ပထမဆုံးနှင့် ရှေ့တန်းမှ ဦးဆောင်နေသည့် မိုဘိုင်းငွေကြေးဝန်ဆောင်မှုကုမ္ပဏီတစ်ခုဖြစ်သည်။ ထို့အပြင် Wave Money သည် Telenor ၊ ရိုးမဘဏ်၊ စင်ကာပူစတော့အိတ်ချိန်းစာရင်းဝင် ကုမ္ပဏီတစ်ခုဖြစ်သော Yoma Strategic Holdings တို့နှင့် ဖက်စပ်လုပ်ကိုင်နေသော ကုမ္ပဏီတစ်ခုဖြစ်ပြီး ၎င်း၏အေးဂျင့်ကွန်ရက်များမှတစ်ဆင့် လွယ်ကူလျင်မြန်၍ အားထားရသော မိုဘိုင်းငွေကြေးဝန်ဆောင်မှုစနစ်ကို ထောက်ပံ့ပေးနေသော ကုမ္ပဏီတစ်ခုဖြစ်သည်။ Wave Money သည် ငွေကြေး လွှဲပြောင်းခြင်းနှင့်

ပတ်သက်၍ တမူထူးခြားသည့် နည်းလမ်းတစ်ခုကို မြန်မာပြည်သူများသို့ မိတ်ဆက်ပေးခဲ့ပြီး သန်းချီသော မြန်မာပြည်သူများကို အွန်လိုင်းမှတဆင့် ငွေကြေးလွှဲပြောင်းသော ဝန်ဆောင်မှုကို ရယူနိုင်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ Wave Money ၏ မိုဘိုင်းငွေကြေးဝန်ဆောင်မှုမှတဆင့် နေ့စဉ် မြန်မာပြည်သူ ထောင်နှင့်ချီ၍ မိမိတို့၏ ငွေကြေးများကို အချိန်မရွေး၊ နေရာမရွေး လွယ်ကူလျင်မြန်စွာ လွှဲပြောင်းလာနိုင်ကြသည်။ Wave Money ၏ Call Center များသည် တစ်ပတ် ၇ ရက်၊ တစ်ရက် ၂၄ နာရီ အချိန်ပြည့် လည်ပတ်လျက်ရှိပြီး သုံးစွဲသူများမှ သိရှိလို၍ မေးမြန်းချက်များကို အချိန်ပြည့် ပြန်လည်ဖြေကြားပေးလျက်ရှိသည်။ အသေးစိတ်သိရှိလိုပါက http://www.wavemoney.com.mm သို့ ဝင်ရောက်လေ့လာနိုင်ပါသည်။

**WavePay အကြောင်း**

Wave Money မှ မိတ်ဆက်လိုက်သော WavePay သည် မြန်မာနိုင်ငံအတွက် ဒီဂျစ်တယ် ငွေကြေးခေတ်သစ်ကို ယူဆောင်လာပေးသော မိုဘိုင်းလ်ပိုက်ဆံအိတ် အက်ပလီကေးရှင်းတစ်ခုဖြစ်သည်။ WavePay ကို ၂၀၁၈ ခုနှစ်တွင် စတင်မိတ်ဆက်ခဲ့ပြီး မြန်မာပြည်သူများအတွက် နေ့စဉ် ငွေလွှဲလုပ်ဆောင်ချက်များကို မည်သူမဆို အချိန်ကုန်သက်သာပြီး ပိုမို အဆင်ပြေချောမွေ့စေရန်နှင့် ရည်ရွယ်သည်။ ငွေလွှဲဝန်ဆောင်မှု၊ မိုဘိုင်းဖုန်း ငွေဖြည့်ခြင်း၊ လစဉ်ကြေးများ ပေးဆောင်ခြင်း၊ ဈေးငွေပေးဆောင်ခြင်း၊ ဝန်ဆောင်မှုဆိုင်ရာ ငွေပေးချေမှုများ၊ ကုန်ပစ္စည်း ငွေပေးချေမှုများ၊ လက်မှတ် ဝယ်ယူခြင်း နှင့် လှူဒါန်းမှုများကို လုပ်ဆောင်နိုင်သည်။ အခြားသော ဒီဂျစ်တယ် ကုမ္ပဏီများနှင့် ပူးပေါင်း၍လည်း WavePay သည် သုံးစွဲသူများစိတ်တိုင်းကျ စီမံခန့်ခွဲနိုင်မည့် ငွေကြေးဆိုင်ရာနည်းပညာ ဂေဟစနစ်တစ်ခု နှင့် အဆင်ပြေချောမွေ့သော ဒီဂျစ်တယ်ငွေပေးချေမှု အတွေ့အကြုံကောင်းများကို ပံ့ပိုးပေးနိုင်ရန် စွမ်းဆောင်ပေးလျက် ရှိသည်။